KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

ဩဂုတ်လ ၂၄ / KHRG မှတ်တမ်းလွှာအမှတ် # 15-46-I1

---

## ဖားအံ မှုခင်းဆိုင်ရာတင်ပြချက် **:** ၂၀၁၅ခုနှစ် မေလတွင် ပိုင်ကျုံမြို့နယ်တွင်ဖြစ်ပွားခဲ့သော လယ်ယာမြေသိမ်းဆည်းခြင်း

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင်* ကရင်နယ်ခြားစောင့်တပ် (BGF) *တပ်ရင်းအမှတ်* (*၁၀၁၅*)*နှင့် တပ်ရင်းအမှတ်* (*၁၀၁၆*)*တို့၏ တပ်နယ်* (*၂*) *တပ်နယ်မှူးကြာအေး နှင့် တပ်နယ်ကွပ်ကဲရေးမှူး ဦးကျော်ဟိန်းတို့မှ ၂၀၁၅ခုနှစ် မေလ ၁ ရက်နေ့တွင် ရွာသူရွာသားများ၏ မြေယာများအား သိမ်းဆည်းထားခြင်းအကြောင်းကို ဖော်ပြထားပါသည်။ ထို့နောက် ၎င်းတို့သည် သိမ်းဆည်းထားသောမြေယာများကို* Steel Stone *ကုမ္ပဏီသို့ ၎င်းတို့လမ်းဖောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်အတွက် ပြန်လည်ရောင်းချခဲ့သည်။ ရွာသူရွာသားများသည် ဤအဖြစ်အပျက်ကို ကရင်အမျိုးသားအစည်းအရုံး* (KNU) *သို့တင်ပြပြီး* KNU *အား ၎င်းတို့မြေယာများအတွက်လျော်ကြေးရရှိရန်နှင့်* BGF *တပ်ရင်းမှူးများ၏ အာဏာအလွဲသုံးစားပြုမှုများ အားရပ်တန့်ဖို့ရေန တောင်းခံခဲ့ကြပါသည်။*

---

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ| ဖားအံခရိုင်၊ ပိုင်ကျုံမြို့နယ် (၂၀၁၅ခုနှစ် မေလ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ကရင်လူ့အခွင့်အရေးအဖွဲ့ KHRGမှဒေသတွင်းလူ့အခွင့်အရေးအခြေအနေများကိုလေ့လာမှတ်သားရန်လေ့ကျင့်သင်ကြားပေးထားသောဒေသ ခံအဖွဲ့ဝင်တစ်ဦးမှဖော်ခြင်းဖြစ်သည်။* [1]

[1] ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးသော မြန်မာပြည် အရှေ့တောင်ပိုင်း ရှိဒေသခံ အဖွဲ့များအား လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ပျက်မှုသတင်းအချက်အလက် တစ်ခုချင်းစီအား စံညွှန်းပုံစံ အချို့ အစားများနှင့်အညီ ရွာသားများအား ဖြစ်ရပ်ဆိုင်ရာ အင်တာဗျူးခြင်း နှင့် ၎င်းတို့ရင်နီးသော နေရာဒေသများတွင် အတွေ့တွေ့နောက်ဆုံးရ အခြေအနေများအားတင်ပြခြင်းတို့ကို စုဆောင်းရန်

*ဤသတင်းလွှာသည် ၂၀၁၅ခုနှစ် ဇွန် လတွင် ဖားအံခရိုင်မှ လက်ခံရရှိခဲ့ပြီး အခြားသော မှုခင်းပြသည့်မှတ်တမ်းများ သုံးစောင် နှင့်အတူ ဓါတ်ပုံ ၁၇၉ ပုံတို့နှင့်တကွလက်ခံရရှိခဲ့သည်။*[2]

( မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် နေထိုင်သောရွာသားများ၏ အဖြစ်အပျက်များကိုအသံသွင်း ယူထား၍ တွေ့ဆုံမေးမြန်း ခြင်းဖြင့် ရွာသားများကိုယ်တိုင် ပြောဆိုချက်များကို စုဆောင်းရယူ ပါသည်။တွေ့ဆုံမေးမြန်းမှု ပြုလုပ်သော ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဝန်ထမ်းများကို တွေ့ဆုံမေးမြန်း ရာတွင် လမ်းညွှန်ချက်ပေးထားသည့်အတိုင်း မေးမြန်းရန်နှင့် ရွာသားများကိုလက်ရှိအခြေအနေတွင် ဖြစ်ပေါ်နေသောအကြောင်းအရာများကို လွတ်လပ်စွာထုတ်ဖော်ပြောကြားရန် အားပေးစေပါသည်။ ထို့အပြင် ရွာသားများမှ အရေးကြီးသည်ဟု ထင်မြင်သော အကြောင်းအရာများကိုလည်း ထုတ် ဖော်ပြောကြားရန်၊ လူ့အခွင့်အရေး ချိုးဖောက်မှုခံနေရခြင်းများနှင့် ပတ်သက်၍လည်း ရွာသားများ ၏အမြင်၊ ရှုထောင့်ကို မျှဝေပြောကြားရန် အားပေးစေပါသည်။)

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | မြေယာသိမ်းဆည်းခြင်း |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | **၂၀၁၅ခုနှစ် မေလ ၁ရက်** |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | **ဖားအံခရိုင်၊ ပိုင်ကျုံမြို့နယ်၊ ရေပူကျေးရွာအုပ်စု၊အ---ကျေးရွာ** |

လေ့ကျင့်သင်ကြားပေးပါသည်။ ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာပြုစုရာတွင် ဒေသခံအဖွဲ့ဝင် များကို ၎င်းတို့အရေးကြီးသည်ဟုယူဆသော လူ့အခွင့်အရေး ချိုးဖောက်သောဖြစ်ပျက်မှုများအား ၎င်းတို့အားဖြင့် စီးစစ်အတည်ပြုထားပြီးသော မှုရင်းအထောက်အထား များနှင့်ဒေသအတွင်း ပြောင်းလဲဖြစ် ပေါ်မှုများ အားနှိုင်းယှဥ်ခြင်းတို့ကို လေ့လာမှတ်သားရန်အားပေးတိုက်တွန်း ထားပါသည်။ (please see in below, for the whole paragraph )

[2] ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ၏စည်းစနစ်းများအားပို၍ထိုးဖောက်မြင်နိုင်ရန် နှင့် ကိုယ်တွေ့တိုက်ရိုက် ဆက် သွယ်မှုများနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိရွာသူရွာသားများ၏ အမြင်ရှုထောင့်များတင်းပြခြင်း၊ KHRG ၏အဓိကလုပ်ဆောင်မှုရည်မှန်းချက်တစ်ခုမှာကွင်းဆင်းလေ့လာသူများထံမှလက်ခံရရှိသောသတင်းများအား လုံးကိုလုပ်ငန်းစဉ်အတိုင်းလုပ်ဆောင်ပြီးဘာသာပြန်၍ပြစ်မှုကျူးလွန်ခြင်းခံရသူများ၏လုံခြုံရေးနှင့်ပတ်သက် သောအကြောင်းအရာများအားစိစစ်ဖြတ်တောက်ခြင်းများ ပြုလုပ်ပြီးနောက် KHRG ၏ ဝက်ဘ်ဆိုက်တွင် ဖြန့်ဝေခြင်းဖြစ်သည်။ အခြားသောအစီရင်ခံစာများမှာ နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ၊အမျိုး အစားအလိုက်ခွဲထားပြီး ဤသတင်းနှင့်ပတ်သတ်သော အခြားသောအကြောင်းအရာများအားဆက်လက် ဖတ်ရှုရန် ကျေးဇူးပြု၍ အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင်ဖက်ရှုပါ။

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| *အမည်* | ဦး ဘ--- | ဦး စ--- | ဦး ဒ--- | စာရေးရန် |
| **အသက်** | ၅၅ | ၆၇ | ၅၆ | စာရေးရန် |
| **ကျား/မ** | ကျား | ကျား | ကျား | စာရေးရန် |
| **လူမျိုး** | မူဆလင် | မူဆလင် | မူဆလင် | စာရေးရန် |
| **မိသားစုရှိ/မရှိ** | မိသားစုရှိ | မိသားစုရှိ | မိသားစုရှိ | စာရေးရန် |
| **အလုပ်အကိုင်** | လယ်သမား | လယ်သမား | လယ်သမား | စာရေးရန် |
| **ကိုးကွယ်သည့် ဘာသာ** | အစ္စလာမ် | အစ္စလာမ် | အစ္စလာမ် | စာရေးရန် |
| **ရာထူးအဆင့်** | ရွာသား | ရွာသား | ရွာသား | စာရေးရန် |
| **နေရပ် ရွာအမည်** | အ---ကျေးရွာ | အ---ကျေးရွာ | အ---ကျေးရွာ | စာရေးရန် |

| ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာဒေသ** | **အထက်အရာရှိ အမည်** |
| ဦးကျော်ဟိန်း (ခ) ဒီတယ်လယ် | ကွပ်ကဲရေးမှူး | တပ်နယ် (၂) | ပေါ်ရေပူယာတား | ကြာအေး- တပ်နယ် (၂)မှူး |
| စာရေးရန် | စာရေးရန် | စာရေးရန် | စာရေးရန် | စာရေးရန် |
| စာရေးရန် | စာရေးရန် | စာရေးရန် | စာရေးရန် | စာရေးရန် |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကိုရှင်းပြပါ။ |
|---|

| |
|---|
| ကုမ္ပဏီလမ်းလာဖောက်လုပ်မှုကြောင့် BGF (နယ်ခြားစောင့်တပ်) တပ်သားများသည် ရွာသူရွာသားများ၏ မြေယာများကိုအတင်အဓမ္မသိမ်းယူပြီး ကုမ္ပဏီဆီသို့ရောင်းချပေးသည်ဟု ကျွန်တော်ကြားသိရပါသည်။ ထို့ကြောင့် ကျွန်တော် ရေပူကျေးရွာ နှင့် စက်ကုန်းကျေးရွာတို့ကို သွားရောက်ပြီး မြေယာနှင့်ပတ်သက်သည့် ပြဿနာများကို ရွာသူရွာသားများအား မေးမြန်းခဲ့သည်။ မြေယာသိမ်းဆည်းခံရသည့် ရွာသူရွာသားများက BGF တပ်သားများ၏ လယ်ယာမြေသိမ်းဆည်မှုများ အကြောင်းကို ကျွန်တောအားပြောပြခဲ့သည်။ |

| **(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်းမည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို)ရေးမှတ်ပေးပါ။** |
|---|
| ဤသတင်းအချက်အလက်ကို ဦးဖ---မှသတင်းပေးပါသည်။ သူသည် လယ်မြေသိမ်းဆည်းခံရွာသူရွာသားများ၏ ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး ဤအဖြစ်အပျက်နှင့် ပတ်သက်သည့် သတင်းအချက်အလက်သေးစိတ်ကို သိပါသည်။ BGF တပ်သားများသည် ၎င်းတို့သိမ်းဆည်းထားသည့် မြေယာများကို မြေကွက်ငယ်များအဖြစ်သို့ ပိုင်းခြားပြီး အခြားသူများဆီသို့ရောင်းချခဲ့သည်။ အချို့သောမြေယာများကို ကုမ္ပဏီများဆီသို့ရောင်းချပြီး ကုမ္ပဏီများက မြေယာများကိုတူးဆွပြီး လမ်းများကို မြေဖို့ခင်းပါသည်။ |

## <u>အဆင့် ၃- အခင်းဖြစ်ပွားပုံ</u>

| **အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ အခင်းဖြစ်ပွားသည့်အသေးစိတ် အချိန်၊ နေရာဒေသ၊ ဘာဖြစ်ပျက်ခဲ့သလဲ၊ ဘယ်လိုဖြစ်ပျက်ခဲ့သလဲ၊ ပြစ်မှုကျူးလွန်ခံရသူကဘယ်သူတွေလဲ၊ ပြစ်မှုကျူးလွန်သူတွေက ဘယ်သူတွေလဲ၊ ဘာကြောင့်အခင်းဖြစ်ပွားရသလဲ ဆိုသည့်အချက်အလက် များကို တိကျမှန်ကန်စွာရေးသားဖော်ပြပေးပါ။ ထို့အပြင်အခင်းဖြစ်ပွားသည့်အချိန်တွင် ရွာသူရွာသား များဘာတွေလုပ်ခဲ့သလဲ၊ အခင်းဖြစ်ပွားသည့် နောက်ဆက်တွဲပြဿနာနှင့် လက်ရှိကျူးလွန်ခံရသူတို့၏ အခြေအနေများကို လည်းရေးသားဖော်ပြပေးပါ။ ကျေးဇူးပြု၍ အောက်ပါပေးထားသောနေရာတွင်ဖြေဆိုပါ။ နေရာမလုံလောက်ပါက နောက်ထပ်စာရွက်အသစ်တစ်ခုနှင့်ပူးတွဲ၍ဖော်ပြပေးနိုင်ပါသည်။** |
|---|
| ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၁၅ခုနှစ် မေလ ၁ ရက်၊ ဖားအံခရိုင်၊ ပိုင်ကျုံမြို့နယ်၊ ရေပူကြီးကျေးရွာအုပ်စု၊ အီ---ကျေးရွာနှင့် အ---ကျေးရွာတို့တွင် Steel Stone ကုမ္ပဏီမှ မန်နေဂျာသာလိုင်အောင်မှ ပြုလုပ်သောလမ်းဖောက်လုပ်ခြင်း အကြောင်းဖြစ်ပါသည်။ ၎င်းတို့သည် မြေများကိုတူးဆွပြီး လမ်းများဖောက်လုပ်သောကြောင့် ရွာသူရွာသားများ၏ အခွင့်အရေးကို များစွာချိုးဖောက်ပါသည်။<br>BGF တပ်သားများက ရွာသူရွာသား၏ မြေယာများကို သိမ်းယူပြီး ကုမ္ပဏီများဆီသို့ရောင်းချသောကြောင့် ကုမ္ပဏီများက ရွာသူရွာသားများ၏ အခွင့်အရေးကိုချိုးဖောက်ခဲ့ပါသည်။ တပ်နယ်(၂) တပ်နယ်မှူးကြာအေးနှင့် ကွပ်ကဲရေးမှူးကျော်ဟိန်း (ခ)ဒီတယ်လယ်တို့သည် လူ့အခွင့်အရေးကို အကြီးမားဆုံးချိုးဖောက်သူများဖြစ်သည်။၎င်းတို့နှစ်ဦး ဆက်လက်၍ သြဇာအာဏာမရှိစေရန် ရွာသူရွာသားများက ၎င်းအပေါ် လူ့အခွင့်အရေးချိုးဖောက်မှု |

မပြုလုပ်ရန်အတွက် နည်းမျိုးစုံဖြင့် ကြံဆခဲ့သည်။ ရွာသူရွာသားများသည် ၎င်းတို့မြေယာအတွက် လျော်ကြေးများပြန်လည် ရရှိရန်အလို့ငှာ အထက်ဖော်ပြပါသတင်းအချက်အလက်များကို ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် မြန်မာအစိုးရထံသို့ တင်ပြခဲ့ပြီးအကူအညီတောင်းခဲ့သည်။ ရွာသူရွာသားများသည် ၎င်းအဖြစ်အပျက်များနှင့်ပတ်သက်၍ တုံ့ပြန်ရန်အတွက် ယုံကြည်မှုနှင့် စွမ်းဆောင်နိုင်စွမ်း များရှိကြသည်။ ရွာသူရွာသားများသည် KNUနှင့် မြန်မာအစိုးရတို့ကို BGF နှင့်လက်နက်ကိုင် သမားများ၏ အာဏာကိုအလွဲသုံးစားပြီး ပြုလုပ်သောလုပ်ဆောင်မှုများအား ရပ်တန့်ပေးရန် လုပ်ပေးစေချင်ကြသည်။

ရွာသူရွာသားများသည် ၎င်းအဖြစ်အပျက်ကို တင်ပြရန်အတွက် အကောင်းဆုံး ကြိုးစား၍ လုပ်ဆောင်ခဲ့ကြသည်။ ရွာသူရွာသားများက KNUနှင့်မြန်မာအစိုးရတို့ကို ဖိနှိပ်ချုပ်ချယ်သူများနှင့် ရွာသူရွာသားများ၏ အခွင့်အရေးများကို ချိုးဖောက်သောသူများကို မည်သို့ရပ်တန့် ပေးမည်ဆိုသည်ကို အမြန်ဆုံး လုပ်ဆောင်ပေးစေချင်ကြသည်။ ဤသတင်းအချက်အလက်များသည် မှန်ကန်ပါသည်။ မြေယာသိမ်းဆည်းခံရွာသူရွာသားများ၏ အမည်များကို အထက်တွင်ဖော်ပြထားပါသည်။ ၎င်းအဖြစ်အပျက် ဖြစ်ပျက်သည့်နေရာတွင် ၂၀၁၅ခုနှစ် မေလ ၁ရက်နေ့တွင် မှတ်တမ်းဓါတ်ပုံများ ရိုက်ယူခဲ့သည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား၊ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
|---|
| မြေယာသိမ်းဆည်းခံ ရွာသူရွာသားများသည် KHRG အား မြန်မာအစိုးရ၊ ကုမ္ပဏီများ နှင့် BGF တို့ထံသို့ တင်ပြရန်နှင့်ထိုမှတစ်ဆင့် ရွာသူရွာသားများ၏ မြေယာများအတွက် လျော်ကြေးများအမြန်ဆုံး ရရှိဖို့ စီစဉ်ပေးရန် ဤသတင်းအချက်အလက်များအား သုံးခွင့်ပြုခဲ့သည်။ |




*အထက်ဖော်ပြပါပုံများကို ၂၀၁၅ခုနှစ် မေလ ၁ ရက်၊ ဖားအံခရိုင်၊ ပိုင်ကျုံမြို့နယ်၊ ရေပူကျေးရွာအုပ်စု၊ အ---ကျေးရွာတွင် ရိုက်ယူခဲ့သည်။ လက်ဝဲရှိပုံသည် BGFတပ်နယ် (၂) တပ်နယ်မှူးကြာအေးမှဦးဆောင်ပြီးတပ်နယ်ကွပ်ကဲရေးမှူး ဦးကျော်ဟိန်းမှ သိမ်းဆည်းထားသော ရွာသူရွာသားများ၏ မြေယာပုံကိုပြသည်။ လယာရှိပုံသည်* Steel Stone Company *မှ ရွာသူရွာသားများ၏မြေယာပေါ်တွင်*

*လမ်းဖောက်လုပ်ခြင်းပြုလုပ်သော ပုံကိုပြသည်။ [ပုံ-KHRG]*